# ဗကသခေါင်းဆောင်များ ထိုင်း–မြန်မာနယ်စပ်တွင် စည်းဝေး

NEJ / ၂၆ ဇန်နဝါရီ ၂၀၀၅ / ၁၇း၁၀

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) ၏ ပြည်ပရောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အချို့သည် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၊ ပြည်တွင်းပြည်ပ ကျောင်းသားလှုပ်ရှားမှု အခြေအနေများအပေါ် ထိုင်း–မြန်မာ နယ်စပ်တနေရာတွင် ယခုလ (၂၀) ရက်နေ့က ဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးနှင့်ပတ်သက်၍ ဗကသ ဗဟိုအလုပ်အမှုဆောင်များက ကြေညာချက်တရပ်ကို ဇန်နဝါရီ (၂၄) ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ရာတွင် နအဖစစ်အစိုးရက (၁၅) နှစ်ကျော်ကြာ အကျဉ်းချခဲ့သည့် ဗကသဥက္ကဋ္ဌ မင်းကိုနိုင် ပြန်လည်လွတ်မြောက်မှုအတွက် ဝမ်းမြောက်ကြောင်း၊ စစ်အစိုးရကို ဆက်လက်တိုက်ပွဲဝင်သွားလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မျိုးဆက်သစ်ကျောင်းသားများအနေဖြင့်လည်း ယခင် ကျောင်းသားမျိုးဆက်ဟောင်းများ၏ နမူနာကောင်းများအတိုင်း ဆက်လက်ထမ်းဆောင်သွားမည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။

ဗကသခေါင်းဆောင်တဦးဖြစ်သူ ကိုသက်ထွန်းက "အထဲမှာရှိနေတဲ့ ဗကသဥက္ကဋ္ဌ မင်းကိုနိုင်နဲ့ ကျောင်းသားတွေကို စိတ်ဓာတ်ပိုင်းအရ အားပေးတဲ့သဘောပေ့ါ။ ပြည်ပရောက် ကျောင်းသားတွေအနေနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က အခြေအနေပေးတဲ့အလျောက် လှုပ်ရှားနေကြတယ်ဆိုတာကိုလည်း အသိပေးတဲ့သဘော။ နောက်တချက်က မင်းကိုနိုင်အပါအဝင် ကျောင်းသားအားလုံး ပြန်လည်လှုပ်ရှားနိုင်မှုတွေအပေါ် ဒီဘက်က ဘယ်လောက်ထောက်ပံ့ပေးနိုင်မလဲ၊ ဘယ်လောက်နိုင်ငံရေးအရ ဟန်ချက်ညီညီ လှုပ်ရှားနိုင်မလဲဆိုတာ ဆွေးနွေးကြတယ်" ဟု ပြောဆိုသည်။

ကိုသက်ထွန်းက ဆက်လက်၍ "မျိုးဆက်သစ်ကျောင်းသားတွေကို ပြောချင်တာကတော့ ကျနော်တို့ ၈၈ ကိုဖြတ်ခဲ့သလိုပေ့ါဗျာ။ ကျောင်းသားဆိုပေမယ့် လိုအပ်လာလို့ရှိရင် တိုင်းပြည်အတွက် ရှေ့ဆုံးကနေပြီးတော့ ရဲရဲရင့်ရင့် ပါဝင်စေချင်တယ်။ ဆက်လက်ပြီးတော့ ဦးဆောင်စေချင်တယ်။ သူတို့ အဲသလိုမျိုး ရပ်တည်နိုင်ဖို့အတွက်ကို တတ်နိုင်တဲ့ဘက်ပေါင်းစုံက အားပေးမှုတွေ၊ ထောက်ပံ့မှုတွေ စဉ်ဆက်မပြတ် ကျနော်တို့လည်း ကြိုးစားနေတယ်။ သူတို့အနေနဲ့လည်း တိုင်းပြည်ကို တကယ့်ကိုအစွဲကင်းကင်းနဲ့ချစ်စေချင်တယ်။ အဲဒီအပေါ်မှာ ဆက်အလုပ်လုပ်စေချင်တယ်" ဟုပြောကြားသည်။

"ကျနော်တို့တိုင်းပြည်က အဆိုးဝါးဆုံးအခြေအနေကို ရောက်နေတယ်လို့ ကျနော်တို့ ခံယူထားတယ်။ တိုင်းပြည်မှာဖြစ်နေတဲ့ စစ်အာဏာရှင်ပဲပြောပြော၊ လက်ဝဲပဲပြောပြော၊ လက်ယာပဲပြောပြော ပြည်သူကိုကိုယ်စားမပြုတဲ့ အစိုးရမှန်သမျှကို ကျနော်တို့က ရှေ့ကနေ ဆန့်ကျင်ရမယ့်သူတွေ ဖြစ်တယ်လေ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အစည်းအဝေးသို့ ဗကသထူထောင်ခဲ့သူများဖြစ်သည့် ကိုဇာနည်၊ မမွေးမွေး၊ ကိုယဉ်ထွေး၊ ကိုကျော်ထင်၊ ကိုသက်ထွန်း၊ ကိုဝင်းသိန်း၊ ကိုသူရိန်တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂကို မြန်မာနိုင်ငံ ကိုလိုနီလက်အောက်ကာလ ၁၉၃၆ ခုနှစ်တွင် စတင်ထူထောင်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီး နောက်တနှစ်တွင် ဖျက်သိမ်းခံရသဖြင့် မြေအောက်လှုပ်ရှားမှု သဘောဖြင့်သာ လှုပ်ရှားခဲ့ရာမှ ၁၉၅၁ ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ဟု အမည်ပြောင်းလဲခဲ့သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ (၂၈) ရက်တွင် ပြန်လည်ဖွဲ့စည်းသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) တွင် မင်းကိုနိုင်ကို ဥက္ကဋ္ဌ တင်မြှောက်ခဲ့သည်။ ၂၀၀၁ ခုနှစ်က နော်ဝေနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာ ကျောင်းသားပွဲတော်တွင် ဗကသများအဖွဲ့ချုပ်ကို ကျောင်းသားငြိမ်းချမ်းရေးဆု ချီးမြှင့်ခဲ့သည်။ ■